

ဝန်ဇင်း
Read on the move

# ကျွန်တော့်ဘဝကို လွှမ်းမိုးသော စာအုပ်များမှသည် လူငယ်များသို့

## ချစ်နိုင် (စိတ်ပညာ)

# အမှာ စာ

Intellectual Talk အစီအစဉ်အတွက် ရိုက်ကူးဖို့ရာ ပြောလာတဲ့အခါ ဝမ်းပမ်းတသာပါပဲ။ ကောင်းပါပြီ၊ ဒီအကြောင်းအရာပြောမယ်၊ အဆင်ပြေမလားဆိုတော့ သူတို့ဘက်ကပြေပါတယ်တဲ့။ ကဲဒါဆိုရင် ပြောဖို့အကြောင်းအရာကိုစာမူကြမ်း ရေး ပါတယ်။ လက်ရေး နဲ့ရေး ပြီးသားကိုကျေနပ်အောင် ပြန်စစ်၊ ပြန်ဖတ်၊ တည်းဖြတ်၊ နှစ် ရက်သုံးရက်နဲ့ဟောပြောစရာ လက်ကိုင်စာမူရပါတယ်။

အလွတ်ပြောနိုင်အောင် နှစ် ခေါက်သုံးခေါက် ဖတ်ပြီးလေ့ကျင့်ရပါသေးတယ်။ ဒါတောင်မှ တကယ်ရိုက်ကူတဲ့အခါစာရွက် ငုံ့ကြည့်တာတွေ ပါခဲ့သေးတယ်။

စာမူမှာ ရော ရိုက်ကူးရာမှာပါတဲ့အကြောင်းအရာအချို့ ဟာ ရုပ်သံလွှင့်ရာမှာ တော့ သတ်မှတ်တဲ့ အချိန်အတွင်း းဝင်အောင် တည်းဖြတ်တဲ့အထဲ ပါ သွားပါတယ်။ ဥပမာ- ဆရာတင်မိုးရဲ့ အလှကိုယ်စီကဗျာကို ရွတ်ဆိုတာဆိုရင် ကျန်ခဲ့ပါတယ်။ ရေး ထားတဲ့ စာမူမှာ တော့ ရှိနေသေးတာပေါ့။ ထားပါတော့။ ကျေနပ်ပါတယ်။

နတ်ရေကန် ဦးတင်မောင်ထွေးက နောက်တစ်နေ့မှာ ဖုန်းဆက်တယ်။ “တီဗီမှာ ပြောတာ ကောင်းတယ်၊ ကြိုက်တယ်၊ စာအုပ်ထုတ်ပါလား ဆရာ” လို့ အားပေးတိုက်တွန်းပါတယ်။ ကျေးဇူးတင်ပါတယ်။ စိတ်ကူးရှိပါတယ်။

စာဆိုတာ စိတ်ကို ရေး တာပါပဲ။

စကားဆိုတာ စိတ်ထဲရှိတဲ့အရာကို ဖွင့်ဟ ထုတ်ဖော်ရတာ မဟုတ်လား။ စာအုပ်အနေနဲ့ထုတ်ဝေတာ ကတော့ တီဗီမှာ ပြသစဉ်က မကြည့်မြင်ရတဲ့ စာဖတ်ပရိသတ်အတွက်ပါ။

စာပေဗိမာန်စာကြည့်တိုက်မှာ စာဖတ်သူမိတ်ဆွေတချို့ နဲ့ဆုံတဲ့အခါ မိမိဟောပြောချက်ကြောင့် “ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေ ပြန်ဖတ်ချင်လို့လာရှာတာပါ” လို့ပြောကြတယ်။ အသက်ငါးဆယ်ကျော်ခြောက်ဆယ်ကျော်တွေ

ဟာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် လိုင်နဲ့ ၁၉၆၀ ကာလဆီကဆရာ့ရဲ့ အခြားဝတ္ထုရှည်တွေ ကို ပြန်လည်လွမ်းတ သတိရစရာပါ။ အဲသလို စာဖတ်သူတွေ နဲ့တွေ့ရတော့ မိမိဟောပြောရတာ ကြည်နူးမိပါတယ်။ စိတ်သဘောချင်းနီးခဲ့ကြသူတွေ ။ ယခုတစ်လော သတင်းစာမှာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရဲ့ "လွမ်း" ဝတ္ထုရှည်ကိုအခန်းဆက်ဖော်ပြနေပါတယ်။ ဖတ်ရတာ အရသာရှိဆဲပါပဲ။ ယနေ့ကာလလူငယ်တွေ လည်း ကြိုက်ကြပါတယ်။

မြန်မာနိုင်ငံစာရေး ဆရာအသင်းဗဟိုကဖွင့်တဲ့ အခြေခံစာရေး နည်းသင်တန်းမှ သင်တန်းသားတချို့ ကလည်း မိမိပြောတဲ့ စာအုပ်တွေ ကို သေသေချာချာမှတ်ထားကြပါတယ်။ သူတို့လည်း "ရအောင်ရှာပြီး ဖတ်မယ်" လို့ ပြောပါတယ်။ ဝမ်းသာစရာပဲ။ အကျိုး ရှိစေမှာ ပါ။ ကြိုက်ကြမှာ ပါ။

ဟောပြောစဉ်က ရှည်လျားနေမှာ စိုးလို့ မပါခဲ့တဲ့ ဝတ္ထုရှည်ကြီးများ ရဲ့ ဇာတ်လမ်းအကျဉ်းကို ဒီစာအုပ်မှာ နမူနာအ ဖြစ်ဖော်ပြထားပါတယ်။ မလိခရဲ့ မြန်မာဝတ္ထု အညွှန်းမှ ကိုးကားကောက်နုတ်ဖော်ပြခြင်းပါ။ ကွယ်လွန်သွားကြရှာပြီ ဖြစ်တဲ့ကျေးဇူးရှင် ဆရာနတ်နွယ်နဲ့ ဆရာ မင်းကျော်တို့ကို ဦးတင်မာန်လျှော့ ပူဇော်ကန်တော့ပါတယ်။ (မလိခကလောင်ဟာနတ်နွယ်ရဲ့ မင်းကျော်နှစ် ဦးရဲ့ ကလောင်ပွားပါ။)

ကျွန်တော့် ဘဝကို ယခုလို စာရေး သူတစ်ဦး ဖြစ်လာအောင် အထောက်အပံ့ပြု ပေးခဲ့တဲ့ မြန်မာစာရေး ဆရာမျာ း ရဲ့ ကျေးဇူးဂုဏ်ကို ဒီစာအုပ်နဲ့ ဦးညွှတ်ပူဇော်ပါတယ်။ နိုင်ငံတကာစာပေပညာရှင်များ အပါအဝင် ကမ္ဘာအဝှမ်းမှာ ရှိတဲ့ "စာဆိုတော် များ ရဲ့ ဂုဏ်ကျေးဇူး" ကို အထူးသတိရစွာ ဂုဏ်ပြုအပ်ပါတယ်။

ချစ်နိုင် (စိတ်ပညာ)

၁၆-၁၁-၂၀၁၂